

မောင်စိန်ဝင်း
(ပုတီးကုန်း)
ယာယီနှင်းစက်
မောင်ငြိမ်းသူ
မှန်းမောန်တင်းလို့
ညှဉ်းရက်လေသလားကွယ်

အဆောင်ဘေးမှာ  နှင်းတွေဝေနေပါတယ်မောင်။

အပြင်ဘက်မှာ သိပ်သိပ်သည်းသည်းနဲ့ မှောင်နေတယ်။ နှင်းထုကြားက ထိုးဖောက်လာရတဲ့ လေနုအေးဟာ ငြိမ်းငြိမ်းရင်ထဲကို မီးခဲလို ပူလောင်စေပါတယ် မောင်ရယ်။

ငြိမ်းငြိမ်းမျက်နှာကို နှင်းစက်ကလေးတွေ လာထိတယ်။

ငြိမ်းငြိမ်းငိုချင် လာပြီ မောင်ရယ်။

မောင့်အသံ၊ မောင့်စကားကို  ငြိမ်းငြိမ်း ကြားနေရတယ်။

ငြိမ်းငြိမ်းကို မောင်ပြောခဲ့တာတွေ မှတ်မိဦးမှာ ပေါ့။

အဲသည် နေ့တုန်းက မောင် ငြိမ်းငြိမ်းကို ချစ်ရေးဆိုခဲ့တာလေ။

မောင်ဟာ  ငြိမ်းငြိမ်းရဲ့  အခန်းပြတင်းဝမှာ ဝေ့ဝဲနေတဲ့  နှင်းကလေးတွေပါဆို။

အအိပ်ကြီးတဲ့ ငြိမ်းငြိမ်းက တံခါးမဖွင့်ပေးလို့ ပြတင်းဝမှာ ဝေ့လည်ဝေ့လည်နဲ့ တစ်ရစ်ဝဲဝဲနေခဲ့ရတဲ့ မောင့်ဘဝပါဆို။

ငြိမ်းငြိမ်း အိပ်ရာကထလို့ ပြတင်းဖွင့်တဲ့ အချိန်ကျတော့လည်း ပြတင်းဝက နေခြည်နုသာပဲ ငြိမ်းငြိမ်းဆီကို ရောက်လာနိုင်သတဲ့ ။

နှင်းကလေးတွေကတော့  နေရောင်ကို  မတုရဲလို့  အဝေးကို  ပြေးထွက်ရတယ်ဆို။

အခုတော့ မောင်ရယ် ...

နှင်းကလေးတွေကတော့ ပြတင်းဝမှာ ရှိနေတုန်းပါလားကွယ်။

မောင်ကသာ ...

နှင်းကလေးတွေနဲ့ တူတယ်ဆိုတဲ့ မောင်ကသာ ...။

***

အပြင်ဘက်မှာ မိုးရေစက်တွေ သည်းထန်စွာ ကျဆင်းနေ၏။ မိုးသက်လေအဝှေ့မှာ လွင့်စဉ်လာသည့် မိုးငွေ့မှုန်မွှားတို့ က ဆိုင်အတွင်းသို့ ဝင်ရောက်လာ၏။ ဆိုင်အပြင်ဘက် မြေနီလမ်းမှာ မြင်းလှည်းနှင့် ဆိုက်ကားအချို့ ဖြတ်သန်းသွားတာကို တွေ့မြင်နေရသည် ။ မိုးရေဖွေးသည့် လမ်းမပေါ်မှာ ကလေးငယ်များ ဖြတ်သန်းသွားတာကို တွေ့မြင်နေရသည် ။ မိုးရေဖွေးသည့် လမ်းမပေါ်မှာ ကလေးငယ်များ ပြေးလွှား ဆော့ကစားနေတာကိုမြင်တော့ ရင်ထဲမှာ အမှတ်မထင် ကြည်နူးစိတ်ကလေး ဝင်မိပြန်၏။ ကြည်နူးစိတ်နှင့်အတူ စိုးထတ်စိတ်ကလေးကလည်း ရင်ထဲသို့ စည်းငယ်မျှ ခိုဝင် လာလေသည် ။

တူရူမြင်ကွင်းထဲမှာ ထီးဆောင်းလာသူတွေကို မြင်လိုက်တိုင်း ငေးမျှော်ကြည့်လိုက်ရတာ မကြာခဏ။ လျှပ်ရောင်ပြိုးပြက်နှင့်အတူ မိုးခြိမ်းသံကို ကြားလိုက်ရသည် ။ မိုးစက် မိုးပေါက်တို့ ပို၍ ကျဆင်းလာသည် ။ ပင်စည်သစ်ကိုင်းမှ ကျိုး ပြတ်လွင့်စဉ်လာသည့် သစ်ရွက်သစ်ခက်တို့ ကို မိုးမှုန်ဝိုးတဝါးကြားမှ မြင်လိုက်ရ၏။

"အဲဒီနေ့ကျရင် တကယ်လာမှာ လား ငြိမ်းငြိမ်း" လို့ မေးတော့ ...

"လာခဲ့မှာ ပေါ့ ကိုလေးရယ်၊ ဈေးထောင့်က မြသစ္စာ လက်ဖက်ရည်

ဆိုင်မှာ မဟုတ်လား၊ ငြိမ်းငြိမ်း ဆက်ဆက်လာခဲ့ပါ့မယ်’

ငြိမ်းငြိမ်းကိုယ်တိုင် ပြောလိုက်သည့်စကားကို အမှတ်ထင်ထင် ရှိပြန်သည် လေ။ လာခဲ့မည်ဟု တင်ကြိုပြောထားပါလျက် စောင့်ရသူအပေါ်မှာ ဝေဒနာတွေပိုလို့ တိုးအောင် တမင်သက်သက် ညှဉ်းရက်သည် လား။

တကယ်လို့ ငြိမ်းငြိမ်းကိုယ်တိုင် ချိန်းဆိုထားရာဆီသို့ ရောက်လာခဲ့သည့် တိုင်အောင် ငြိမ်းငြိမ်းနှုတ်မှ မည်သည့် စကားကိုပြောလေမလဲ။ မည်သည့်အဖြေကို ကြားရမည်လဲဆိုတာကိုပါ မသေမချာတွေးရင်း သက်ပြင်းတစ်ခုကို လေးတွဲလှိုက်မောစွာ ပြုလိုက်မိပြန်သည် ။

သံယောဇဉ် အတွယ်အတာကို ဖယ်ခွာ တိမ်းဖြတ်စေမည့် စိမ်းပြတ်သော စကားတို့ ကို ဆိုလေမည်လား။ စိမ်းစေပြတ်စေ နာကျင်စေမည့်သောကစကားတို့ ကို တစ်ရံတစ်ဆစ် မျှပင် မကြားချင်မသိချင်။

အနုသယလမ်းထက်မှာ သမုဒယပန်း ပွင့်ရက်တာကို စောင့်စားရင်း ချိုမြိန်သော စကားကိုသာ ကြားချင်ပါသည် ။

ကြည်နူးဖွယ် အဖြစ်အပျက်တို့ ကို မြင်ချင်သိချင် ခံစားစေချင်ပါသည် လေ။

မကြားလိုမမြင်လိုသည် တို့ ကို မြင်ရကြားရပြီး သိလိုမြင်လို ခံစားလိုသော အရာတို့ မှ ဝေးကင်းဖယ်ခွာနေရသည့်အဖြစ် ဆိုသည် မှာ စင်စစ်တော့ ဒုက္ခတစ်ပါး မဟုတ်လား။

ဆင်းရဲခြင်း ဟူသမျှတို့ မှာ မျှော်လင့်ခြင်းဆိုသည် မှာ လည်း ဆင်းရဲခြင်းတစ်ပါးဟူ၍ ယူဆသတ်မှတ်ထားလိုက်ချင်သည် ။ ထိုမျှော်လင့်ခြင်းတွေထဲမှ ချစ်ခြင်းကြောင့် ရရှိလာသည့် ဆင်းရဲခြင်းက ပို၍ နင့်သည်းထန်ပြင်းစေမည် ထင်၏။

လက်မှ နာရီကို ကြည့်လိုက်မိသည် ။

သည် ဆိုင်ကလေးသို့ သူရောက်နေသည် မှာ နာရီဝက်ရှိပြီ။

မိနစ်သုံးဆယ်ဆိုသော အခိုက်အတန့်သည် ဘာမှ မကြာဟု ထင်စရာရှိသော်လည်း သည် အချိန် သည် အခါမှာ တော့ နာရီအသွားသည် တစ်ရာသီအလားနှယ် ထင်စရာ ဖြစ်၏။

အရပ်ရှစ်မျက်နှာ ဘယ်မှာ ကြည့်ကြည့် မိုး၏ ရနံ့ကို တွေ့သိနေရ၏ ။ ရင်ထဲမှာ တော့ နွေအရိပ်နှယ် နွေးထွေးခြောက်သွေ့နေ၏။

***

ပြတင်းပေါက်ကို လက်ထောက်ပြီး အရပ်မှာ မိုးသက်လေ ဝေ့လိုက်သဖြင့် မိုးရေစက်တို့ က မျက်နှာကို လာရောက်ထိမှန်လေသည် ။ အိမ်ဝင်းခြံစပ်ထောင့်မှ ငှက်ပျောပင် အုပ်အုပ်တို့ သည် မုတ်သုန်လေးမှာ ယိမ်းနွဲ့လှုပ်ရှားနေ၏။ အေးမြသော မုတ်သုန်လေကြားမှာ မိုးစံပယ်နဲ့ မွှေးမွှေး တို့ ကို ခံစားရှူရှိုက် လိုက်မိ၏။ အေးစိမ့် မွှေးမြသော အသိအထိတို့ ကို ရရှိခံစားရငြား လွတ်လပ်ပေါ့ပါးစွာ ခံစားလို့ မရသလို ဖြစ်နေသည် ။ တာဝန်တစ်ခု လေးလံဖိစီးထားသလို ထင်မှတ်ရ၏။ သည် အချိန်လောက်ဆို ဈေးထောင့်က မြသစ္စာ လက်ဖက်ရည်ဆိုင်မှာ ကိုလေးတစ်ယောက် သူ့အလာကို ငေးမျှော်စောင့်ဆိုင်း နေမှာ ပဲဟု တွေးမိပြန်သည် ။

"ငြိမ်းငြိမ်း ဆက်ဆက်လာခဲ့ပါ့မယ်"

ဟု မိမိဘာသာ စကားဆိုလိုက်မိတာကိုလည်း သိနေမိသည် ။

"ငြိမ်းငြိမ်းကို ချစ်တယ်လို့ ပြောလိုက်မိတဲ့ ကိုလေးစကားဟာ အနေနီးလို့၊ အပြောရလွယ်လို့ နှုတ်ဖျားက လွယ်လွယ်ကူကူ ပြောလိုက်တာ မဟုတ်ဘူး ဆိုတာ ငြိမ်းငြိမ်း အသိဆုံးဖြစ်မှာ ပါ။"

သည် စကားကို ကိုလေးဆိုတော့ မိမိကိုယ်တိုင် ခေါင်းညိတ်ပြလိုက်သေးတာပဲ။ သီတင်းကျွတ်လပြည့်နေ့ညမှာ မီးပွဲလည်ကြည့်ရင်း ဖွင့်ဟလာသည် မို့ မှတ်မှတ်ရရ ဖြစ်နေဦးမည်ဆိုတာကို သိနေမိသည်။

"ဒီစကားကို ဖွင့်ပြောနိုင်ဖို့ အတွက် ကိုလေးဘက်က ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ ငြိမ်းငြိမ်းသိလား"

လို့ ကိုလေးက မေးလာတော့ ...

ငြိမ်းငြိမ်းဘယ်သိမှာ လဲ ကိုလေးရဲ့ ဆိုပြီး ပေါ့ပေါ့ပါးပါး အလေးအနက်မထားသလို နေလိုက်မိသည်။

"အင်းလေ .. ဟုတ်ပါတယ်၊ ငြိမ်းငြိမ်းကတော့ ဘယ်သိမှာ လဲ၊ တကယ်တမ်း ခံစားရတဲ့ သူပဲ သိမှာ ပါ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပေါ့လေ ... ကိုလေးပြောလိုက်မိတဲ့ ဒီစကားကို ငြိမ်းငြိမ်းဘက်က အလေးအနက်ထားပြီး စဉ်းစားစေချင်တယ်၊ ပြီးတော့လဲ ..."

စကားကိုဖြတ်ပြီး မိမိမျက်နှာကို လှမ်းကြည့်တော့ ...

မီးပွဲကြည့်ပရိသတ်တို့ အသွားအလာ ကျဲပါးလှသော လမ်းထက်မှာ လျှောက်ဆဲ ခြေလှမ်းတို့ ကို အမှတ်မထင် ရပ်တန့်လိုက်တာ။ ပြီးတော့ ရွှန်းရွှန်းလက်လက် မျက်ဝန်းအစုံဖြင့် မျက်တောင်ဖျားကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ...

"ကိုလေးအတွက် စိတ်ချမ်းသာစရာ ဖြစ်မယ့်စကားကို ငြိမ်းငြိမ်းပြောစေချင်တယ်ကွယ်’

မဝံ့မရဲ အမူအရာဖြင့် လေသံတိုးချ စကားစတို့ ကို မှတ်မိနေပြန်၏။

"ကိုလေးက ငယ်ငယ်တုန်းက အတိုင်းပဲနော်၊ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုချင်တာကို အချိန်အခါမရွေး လိုတာရခဲ့တာ ဆိုတော့ အရာရာကို ဆန္ဒအတိုင်း ဖြစ်လာမှာ ပဲလို့ ယူဆထားသလား မသိဘူး"

"ဩော် ... ဟုတ်တယ်နော် ငြိမ်းငြိမ်း၊ ကိုလေးဘက်က သိပ်ပြီး ဆန္ဒတွေ စောနေလို့ ပါ၊ ကိုလေးနဲ့ ပက်သက်ပြီး ငြိမ်းငြိမ်းဘက်က ထည့်တွက် စဉ်းစားမယ်ဆိုရင်ပဲ ကိုလေးဘက်က မျှော်လင့်ရင်းနဲ့ ကျေနပ်နေရမယ့် အဖြစ်ပါ၊ ဒါပေမဲ့ ငြိမ်းငြိမ်းရယ် ... ကိုလေးက ရန်ကုန်ပြန်ရမှာ မဟုတ်လား၊ ရန်ကုန်မပြန်မီမှာ ငြိမ်းငြိမ်းဆီက အဖြေစကားကို ကြားသွားချင်တယ်လေ"

"ကိုလေးက ဘယ်တော့လောက် ပြန်မှာ လဲ"

ကိုလေးက ရန်ကုန်ပြန်မည့်ရက်ကို ပြောသည် ။

"ရှေ့တစ်ပတ်ထဲ မှာ ပေါ့နော် ... ကိုလေး"

"ဖြစ်နိုင်မယ်ဆိုရင် ဇာတိမြို့ကလေးနဲ့ မခွဲမခွာ နေချင်တာပေါ့ ငြိမ်းငြိမ်းရယ်၊ အနာဂတ်မှာ မျှော်လင့်စရာတွေက ရှိနေသေးတော့ မခွဲချင်ပေမယ့်လဲ ခွဲရဦးမှာ ပဲ မဟုတ်လား၊ အခိုက်အတန့် တဒင်္ဂဆိုပေမယ့်လဲ ဝေးကွာခြင်းရဲ့ ဝေဒနာကို ဝေးကွာဖူးမှ ပဲ သိမှာ ပါ၊ ဒီလိုပဲ ငြိမ်းငြိမ်းရယ် ... ငြိမ်းငြိမ်းနဲ့ ပက်သက်ပြီး ဝေးလွင့်ခွဲခွာနေရတဲ့ ဝေဒနာခံစားချက်ကို ကိုလေးကလွဲပြီး ဘယ်သူ သိမှာ တဲ့ လဲကွယ်၊ အခုန ကိုလေးကို ငြိမ်းငြိမ်း ပြောတယ်နော်၊ ကိုလေးက ဆန္ဒစောတယ်တဲ့ ၊ ငြိမ်းငြိမ်းဘက်က မြင်တဲ့ ငြိမ်းငြိမ်းအမြင်ဆိုတော့ ကိုလေးဘက်က မငြင်းသာဘူးလေ၊ ဒါပေမဲ့ ကိုလေးဘက်ကို ငဲ့ကွက်ကြည့်မယ်ဆိုရင် ကိုလေးမမှားဘူးလို့ ထင်တာပဲ၊ ဟုတ်လားဟင် ငြိမ်းငြိမ်း"

ပြောမိသည့် စကားကို အယုံအကြည်နည်းပါးစွာ မိမိကိုပင် သက်သေထူနေလိုက်သေးသည်။

"လာမယ့် သောကြာနေ့ကျရင် ငြိမ်းငြိမ်းဆီက အဖြေစကားကို ကိုလေးကြားချင်တယ်၊ ကိုလေးက စနေနေ့မနက် ရထားနဲ့ ရန်ကုန်ပြန်ရမှာ ၊ ငြိမ်းငြိမ်းအတွက် မခက်ခဲဘူး ဆိုရင် နေ့လယ်ဆယ့်နှစ်နာရီမှာ မြသစ္စာ လက်ဖက်ရည်ဆိုင်ကို လာခဲ့ပါလား"

"ဒါဆိုရင် ငြိမ်းငြိမ်းပြန်တော့မယ်နော် ကိုလေး"

"တစ်ယောက်တည်း ပြန်တော့မှာ လား ၊ ကိုလေးက တာဝန်ယူခေါ်လာပြီး ငြိမ်းငြိမ်းကို တစ်ယောက်တည်း ပြန်လွှတ်တယ် ဖြစ်နေပါဦးမယ်"

"ကိုယ့်မြို့ကိုယ့်ရွာပဲ ကိုလေးရယ်၊ အန္တရာယ်မရှိပါဘူး"

"မေ့မှာ စိုးလို့ ထပ်ပြီး သတိပေးလိုက်ဦးမယ်၊ အဲဒီနေ့ကျရင် တကယ်လာမှာ လား ငြိမ်းငြိမ်း"

"လာခဲ့မှာ ပေါ့ ကိုလေးရယ်၊ ဈေးထောင့်က မြသစ္စာလက်ဖက်ရည်ဆိုင်မှာ မဟုတ်လား၊ ငြိမ်းငြိမ်း ဆက်ဆက်လာခဲ့ပါ့မယ်"

"ကိုလေးစောင့်နေမယ်နော် ငြိမ်းငြိမ်း"

ဟု ပြောရင်း ရပ်တန့်ကျန်နေရစ်ခဲ့သော ကိုလေး၏ မျက်နှာပြင်ပေါ်မှ မျှော်လင့်ချက် အရိပ်အယောင်ကို သတိမူလိုက်မိသည်။

တဝေါဝေါ ကျဆင်းနေသည့် မိုးစက် မိုးပေါက်သံတို့ ကို နာခံရင်း တူရူမြင်ကွင်းကို အဓိပ္ပာယ်မဲ့စွာ ငေးမောကြည့်နေမိပြန်သည်။

ကိုလေးနှင့် မိမိအကြားမှာ ကြီးမားသော သံယောဇဉ် ပမာဏတို့ ရှိ

သည် မှန်ပြား နှလုံးသားဖြင့် ချစ်မြတ်နိုး၍ မရနိုင်တာ ကိုယ့်ဘာသာ သိနေမိ၏။

လေးစားမြတ်နိုးမှုကို အရင်းမတည်ဘဲ တွယ်ငင်မိသော သံယောဇဉ်နှောင်ကြိုးတစ်စဖြင့် ချစ်ခြင်းတရားသည် ဖြစ်တည်မလာနိုင်ဟု ယုံကြည်နေချင်သည် ကွယ်။

***

# အပိုင်း ( ၁ )

## ( ၁ )

"ဒီဖောင်တိန်က ဘယ်ကရတာလဲ မိငြိမ်း"

ကွန်ပါဘူးထဲမှ အနီရောင်ဖောင်တိန်ကလေးကို ထုတ်ယူကိုင်တွယ်ပြီး အဖေကမေးတော့ အဖေ့အမေးကို ချက်ချင်းပြန်မဖြေမိ။

"ဖေဖေမေးနေတာ မကြားဘူးလား"

အဖေ့လေသံ ပုံမှန်မဟုတ်တာကို ငြိမ်းငြိမ်း သတိပြုမိလိုက်သည် ။

မျက်နှာတစ်ခုလုံး ချွေးစေးတို့ ဖြင့် အဆီပြန်နေပြီး အဖေ့မျက်နှာအိမ်မှာ လည်း နီရဲရီဝေနေသည် ။ ခါတိုင်းလို ပဲအဖေအရက်တွေ သောက်လာပြန်ပြီဟု ငြိမ်းငြိမ်း သိလိုက်သည် ။ အလုပ်အပြန် ညနေ နေဝင်ရီတရောမှာ အဖေ့ထံမှ ချဉ်စူးစူးအရက်နံ့ကို ရတတ်သော်လည်း အဖေသည် အရက်သောက်ပြီး မူးရူးရမ်းကားတတ်သူ တစ်ယောက်မဟုတ်။ အရက်ကို ကြိုက်တတ်လို့ သောက်သူသာဖြစ်ပြီး အရက်သောက်၍ သူတစ်ပါးကို စော်ကား တတ်သူမဟုတ်ပေ။ စကားကို အေးဆေးချိုသာစွာ ပြောတတ်သောအကျင့် ရှိသည့်အဖေသည် အရက်သောက်ပြီးသည့်အခါ ပိုလို့ပင် နူးညံ့သွားတတ်သေးသည် ။ မိသားစုထမင်းပွဲမှာ အဖေ့စကားသံကြောင့် ဝေစည် စိုပြည်တတ်ခဲ့သည် ။

အရက်အတွက်ကြောင့် မိသားစုအပေါ်မှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မဖြစ်အောင် ဆင်ခြင်တတ်ခဲ့သူ ဖြစ်ပါ၏။

သည် ကနေ့မှာ တော့ ထူးထူးခြားခြား။

အဖေ့အမူအရာနှင့် အဖေ့စကားတို့ က ခါတိုင်းထက်ပို၍ တင်းမာ ပြတ်သားနေသည် ။ အဖေ့အမူအရာ အဖေ့စကားကို နားလည်မှုမဲ့စွာဖြင့် ငြိမ်းငြိမ်း တွေဝေ ငေးကြည့်လိုက်မိပြန်သည် ။

"ငါမေးတာ ဖြေလေမိငြိမ်း"

နောက်တစ်ကြိမ် အဖေ့ထံမှ ဟောက်သံကို ကြားရတော့ငြိမ်းငြိမ်း ထိတ်လန့်တုန်လှုပ်သွားပြီး မီးဖိုချောင်ပေါက်ဝမှာ ဆေးလိပ်လိပ်နေသည့် အမေ့အနား တိုးကပ်သွားမိသည် ။

"အဖေမေးနေတာကို ဖြေ လိုက်လေသမီးရဲ့ ၊ တော်ကြာ အရိုက်ခံနေရဦးမယ်"

အမေ့စကားကို နားထောင်ပြီး ...

"ကိုလေးပေးလို့ ယူထားလိုက်တာပါ အဖေ"

"ကိုလေးပေးတာ ဟုတ်လား"

ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်မိသည် ။

"ဒီနားလာစမ်း"

အဖေ့အသံ တင်းတင်းမာမာကြောင့် အမေ့နားသို့ကပ်ပြီး အမေ့လက်မောင်းကို ဆုပ်ကိုင်ထားလိုက်မိပါ၏။ အဖေက နေရာမှ ထ လာပြီး ငြိမ်းငြိမ်း၏ လက်တစ်ဘက်ကို ဆွဲကိုင်ကာ မတ်တပ်ရပ်ခိုင်းသည် ။

"အဲဒီတိုင်ဘေးမှာ ရပ်ပြီး တိုင်ကိုလက်နဲ့ ဖက်ထား"

ထရံထောင့်မှာ မှီထားသည့် ကြိမ်တံမြက်စည်းကို ဆွဲကိုင်ပြီး အဖေ ကပြောသည်။

"ကြောက် ... ကြောက်ပါပြီအဖေ၊ သမီးနောက်ကို မယူတော့ပါဘူး"

"ကြောက်တယ်ဆိုတာ အပြစ်ကိုကျူးလွန်ပြီးမှ ကြောက်လို့ မရဘူး သမီးရဲ့ ၊ ဒီလိုကျူးလွန်လိုက်မိရင် ဘယ်လိုအပြစ်ဒဏ်မျိုးကို ခံစားရမ ယ်ဆိုတာ ကြိုတွေးပြီး ကြောက်တတ်ရတယ်၊ သမီးကို အဖေ ဘာပြော ဖူးထားသလဲ"

"သူများ ပေးတဲ့ ပစ္စည်း၊ သူတစ်ပါးဆီက အလကားရတဲ့ ပစ္စည်းကို ဘာပစ္စည်းပဲ ဖြစ်ဖြစ် မယူရဘူးလို့ ပြောထားပါတယ်"

အဖေ့လက်ထဲမှ တံမြက်စည်းကိုကြည့်ပြီး စကားသံက တုန်တုန်ယ င်ယင်ဖြစ်နေ၏။

"အဖေပြောထားတဲ့ စကားရှိရဲ့ သားနဲ့ သမီး ဘာဖြစ်လို့ ယူရတာလဲ"

"ကိုလေးက ဝယ်ပေးလို့ ပါအဖေ၊ ကိုလေးက သူ့ကိုခင်ရင် ယူရမယ် ယူရမယ်ဆိုလို့ ..."

"တော်စမ်း"

"ရွှီး" ခနဲ တံမြက်စည်းလေမှာ ဝေ့ဝဲသံကို ကြားလိုက်ရပြီး နောက်တ င်ပါးနှစ်ဘက်မှာ စပ်ဖျဉ်းဖျဉ်းဖြစ်သွားသည်။

"ကိုလေးဆိုတာကလည်း သူစိမ်းပဲ၊ ပြီးတော့ စက်ပိုင်ရှင်သား၊ အ ထူးသဖြင့် သူတို့ ပေးတာ၊ ကျွေးတာတွေနဲ့ ခပ်ကင်းကင်းနေရမယ် နား လည်လား"

တံမြက်စည်းချက်က ခြေသလုံးပေါ်သို့ ရောက်လာပြန်သည်။ "အင့်"

ခနဲ တစ်ချက် ညည်းလိုက်မိသည် ။ မျက်ရည်စက်တို့ ကျလာပေမယ့် အသံထွက်ပြီးတော့ မငိုရဲ။

အသံထွက်ပြီးငိုလျှင် သည့်ထက်ပိုပြီး ရိုက်တတ်သည့် ဖေဖေအကျင့်ကို ငြိမ်းငြိမ်း သိပြီးသားလေ။

"အဖေ အတန်တန်ပြောထားရဲ့ သားနဲ့ ယူဖြစ်အောင် ယူလာတယ်ဆိုတော့ အဖေမှားသလား၊ သမီးမှားသလား"

"သမီးမှားပါတယ် အဖေ"

"မှားရင် ဘယ်လို အလုပ်ခံရမလဲ"

"အပြစ်ပေးခံရပါမယ် အဖေ"

"ဒါကိုတော့ သမီးသိတယ်ပေါ့"

အဖေ့ကို ခေါင်းညိတ်ပြလိုက်မိသည် ။

နောက်ဆုံး တံမြက်စည်းချက်က တင်ပါးပေါ်သို့ ပြင်းပြင်းထန်ထန်လာ၍ ထိလေသည် ။

"ဒီဖောင်တိန်ကို  သမီးကွန်ပါဘူးထဲမှာ အဖေမမြင်ချင်ဘူး၊ ဒါလေးကို ပြန်ပြီးပေးလိုက်၊ တကယ်လို့ ဒီဖောင်တိန်ကို သမီးဆီမှာ နောက်တစ်ခါ ပြန်မြင်ရရင် သည့်ထက်နှစ်ဆ အရိုက်ခံရမယ်ဆိုတာ သမီးမြဲမြဲမှတ်ထား၊ မခင်ထား .... သမီးကို ထမင်းခူးကျွေးလိုက်"

လက်ထဲမှ တံမြက်စည်းကို ထရံထောင့်မှာ နေသားတကျပြန်ထားပြီးအဖေ အိမ်ပေါ်မှ ဆင်းသွားသည် ။

"နောက်တစ်ခေါက် ပြန်သွားဦးမလို့ ၊ မဟုတ်လား စောစောစီးစီး ပြန်လာခဲ့နော်၊ ကျွန်မ ထမင်းခူးပြီး စောင့်နေမယ်"

"အေးပါဟာ" ဟု ပြန်ပြောသော အဖေ့အသံကို ကြားရသည် ။

ဝမ်းနည်းစရာ၊ ထိခိုက်စရာကြုံလာလျှင် သူရာရည်အဆိပ်ခိုးမှာ နှစ်ကျွံခံစားရင်းဖြင့် ဝေဒနာ အတိုင်းအဆကို လျော့ပါးသက်သာအောင် အဖေပြုမြဲ။

"အရက်ဆိုတာ ဘဝရဲ့ ထွက်ပေါက် မဟုတ်ဘူး နော် ကိုထွန်းဦး"

တစ်ခါတစ်ခါမှာ အမေက အဖေ့ကိုပြောတတ်သည့်စကားကို မှတ်မိနေပါ၏။ "ဘဝရဲ့ ထွက်ပေါက်"ဆိုတာ ဘာရယ်လို့ သိတတ်နိုင်မှုမရှိပေမယ့် အဖေ့ကိုတော့ အရက်သမားကြီးတစ်ယောက် မဖြစ်စေချင်ပါ။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျလျှင်တော့ အဖေ့စိတ်တိုင်းကျ အနီရောင်ဖောင်တိန်ကလေးကို ကိုလေးအား ပြန်လည်ပေးလိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည် ။

***